# <u>တမန်တော်၏ အလုပ်</u>

**တမန်တော်၏ အလုပ်သည် အဘယ်နည်း။** ဂရိဘာသာစကား "apostello"မှ ဆင်းသက်လာ၍၊ အဓိပ္ပာယ်မှာ "သီးသန့် ခွဲထားခြင်း" သို့မဟုတ် "စေလွှတ်ရန်"၊ "သာသနာအတွက် စေလွှတ်ရန်" ဖြစ်သည်။
<u>တမန်တော်၏ အလုပ်သည်</u> ဂရိစကားလုံးမှ "apostole" ဖြစ်၍၊ အဓိပ္ပာယ်မှာ "စေခိုင်းခြင်း" သို့မဟုတ် "တမန်တော်" ဖြစ်သည်
ဤစကားလုံး၏ ဆိုလိုရင်းမှာ

- စေလွှတ်ခြင်း
- သာသနာပြုခြင်း
- တာဝန်ပေးအပ်ခြင်း

**တာဝန်ပေးအပ်ခြင်း ဆိုသည်မှာ အဘယ်နည်း။**
ယေရှုက တမန်တော်များကို <u>**စေခိုင်းချက်**</u>(တာဝန်)_ပေးအပ်ထားသည်။ မဿဲ ၂၈း၁၈-၂၀
**ယော်၁၈ ယေရှုတွင် အခွင့်တန်ခိုး အားလုံးရှိသည်။** တာဝန်ပေးအပ်ခြင်း အားလုံးစုံသည် ယေရှု၏ အခွင့်အာဏာထဲမှ ထွက်ပေါ်လာသည်။
**ယော်၁၉ သွား-** စေလွှတ်ခံရခြင်း
**တပည့်တော်များဖြစ်စေရန်-** ဆက်ကပ်အပ်နှံသော နောက်လိုက်များ
**လူမျိုးတကာ-** တိုင်းရင်းသား လူမျိုးစုအားလုံး
**ဗတ္တိဇံ-** သုံးပါးနာမအားဖြင့်
**ယော်၂၀ သွန်သင်ခြင်း-** နှုတ်ကပတ်တော်၌ရှိသော အရာများ

**ဤအရာသည် တပည့်တော်ဖြစ်စေခြင်းဖြစ်သည်။**
**ဤအရာ လုပ်ဆောင်သည့်အခါ ယေရှုသည်**
**ကျွန်ုပ်တို့နှင့်အတူရှိသည်**

**ဓမ္မသစ်ကျမ်းတွင် "တမန်တော်၏ အလုပ်" လေးမျိုး ဖော်ပြထားသည်။**

**၁)။ တိကျသော ဖိတ်ခေါ်မှု**
တမန် ၁း၂၅ "...ဓမ္မဆရာ၏အရာ၊ တမန်တော်၏အရာကို ခံစေခြင်းငှါ...။" ၎င်းသည် အခန်းငယ် ၁၅-၂၆နှင့် စပ်ဆပ်မှုရှိ၍၊ ရှင်ပေတရုသည် ဝိညာဉ်တော်အားဖြင့် ဦးဆောင်၍ ယုဒနေရာတွင် အစားထိုးခြင်းဖြင့် ကျမ်းစာကို ပြည့်စုံစေသည်။ သိုးငယ်၏ တမန်တော်သည် ၁၂ပါးသာ အမြဲရှိရမည် (ဗျာဒိတ် ၂၁း၁၄)။
သိုးသူငယ်၏ တမန်တော်ဖြစ်ရမည့်သူ၏ သတ်မှတ် အရည်အချင်းများမှာ-

- ယေရှုနှင့်အတူ ရှိခဲ့ဖူးသူ
- ယေရှု၏ ဗတ္တိဇံခံခြင်းမှ ချီဆောင်ခြင်း ခံရသည့်အထိ
- ရှင်ပြန်ထမြောက်ခြင်းကို မျက်မြင်သက်သေ တွေ့သောသူ

မာသိသည် ရွေးချယ်၍ "*တကျိပ်တပါးသော တမန်တော်တို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်လေ၏*" (တမန် ၁း၂၆)။ ၎င်းသည် သိုးသူငယ်၏ တမန်တော်ဖြစ်ရန် တိကျသော ဖိတ်ခေါ်ခြင်းဖြစ်သည်။

**ကျွန်တော်တို့သည် မည်သည့်အရာ သင်ယူရသနည်း။**
၁။ တမန်တော်များသည် ကိုယ့်ကိုယ်ကို ခန့်အပ်ခြင်းမဟုတ်ဘဲ၊ ဘုရားသခင်က ခေါ်ဖိတ်သည် **(ဧဖက် ၁း၁၊ ဂလာတိ ၁း၁)။**

၂။ ယေရှုသည် ကောင်းကင်သို့ ဆောင်ယူခြင်း ခံရသည့် အချိန်တွင် **"*လူအချို့တို့ကို တမန်တော်အရာ၌ ခန့်ထားသည်...* "(ဧဖက် ၄း၁၂)။**

၃။ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းညွှန်မှုဖြင့် တမန်တော် အမှုတော်လုပ်ငန်း၌ ပေါလုနှင့် ဗာနဗတို့ကို သီးသန့်ထားခဲ့သည်(တမန် ၁၃း၂-၃)။

**၂)။ ၎င်းသည် လူမျိုးအပေါင်းတို့ထံသို့ ဖြစ်သည်။**
**ရောမ ၁း၅ *...သခင်ယေရှုခရစ်၏ နာမတော်ကို အရိုပြု၍ လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်စေခြင်းငှါ၊ ထိုသခင်ထံ၌ ကျေးဇူးတော်နှင့် <u>တမန်တော်အရာကို</u> ငါတို့သည် ခံရကြပြီ။***

၎င်းသည် အသင်းတော်ထံသို့ စေခိုင်းခြင်းဖြစ်သည်။ (ရောမ ၁း၆)၊ တိကျသောလူပုဂ္ဂိုလ် သတ်မှတ်ခြင်းမရှိ ပေါင်းစည်းထားသော တမန်တော်အလုပ် ဖြစ်သည်။

ကျွန်တော်တို့ ရရှိခဲ့သည်မှာ -

- ကျေးဇူးတော် - ဘုရားသခင်၏ တန်ခိုးဖြစ်စေနိုင်ခြင်း
- တမန်တော်၏အလုပ် - တပည့်တော်ဖြစ်စေရန် အခွင့်အာဏာနှင့်လာသော စေခိုင်းခြင်း
- *<u>နာခံခြင်းရှိရန်</u>* - ဂရိစကားလုံးမှ "hupakoe"သည် စေ့စေ့နားထောင်ခြင်း၊ သဘောတူညီမှုကို နားထောင်ရန်နှင့် လိုက်နာရမည့် တင်သွင်းမှုကို ဆိုလိုခြင်းဖြစ်သည်။
- ယုံကြည်ခြင်း၌- ယုံကြည်ခြင်းသည် ကြားနာခြင်းမှ လာသည် **(ရောမ ၁၀း၁၇)**
- လူမျိုးအပေါင်းတို့ထံသို့- လူမျိုးအသီးသီး
- သူ၏ နာမအတွက် - ယေရှု၏ နာမတော်

**ကျွန်တော်တို့သည် မည်သည့်အရာ သင်ယူပါသနည်း။**
၁။ အသင်းတော်သည် ကျေးဇူးတော်ကို ခံရပြီဖြစ်၍ ယေရှုခရစ်တော်အကြောင်း ဟောပြောခြင်းနှင့် သွန်သင်ခြင်းအားဖြင့် လူမျိုးအသီးသီးထံသို့ သွားရောက်ရန် တာဝန်ပေးထားသည်။ (တမန် ၉း၁၅ ကို ကြည့်ပါ)။

၂။ တိုင်းနိုင်ငံ/ လူမျိုးအသီးသီးတို့သည် ဟောပြောထားသော နှုတ်ကပတ်တော်ကို ကြားရ၍ ခံယူပြီး လျှင် ယုံကြည်ခြင်း၌ လိုက်နာလာမည်ဖြစ်သည်။

**၃)။ အသီးရှိလိမ့်မည်**

**၁ကော ၉း၂** *"ငါသည် အခြားသောသူတို့အား တမန်တော် မဖြစ်သော်လည်း၊ သင်တို့အား တမန်တော်အမှန်ဖြစ်၏။ အကြောင်းမူကား၊ ငါသည် တမန်တော် မှန်သည်ဟု သင် တို့သည် တပည့်တော်ဖြစ်သောအားဖြင့် ငါ့ကို တံဆိပ်ခတ် ကြ၏"။*

ပေါလုသည် ကောရိန္သုမြို့၌ တည်ထောင်ခဲ့သော အသင်းတော်နှင့် စကားပြောနေခြင်းဖြစ်သည်။ သူပြောဆိုခဲ့သည်မှာ၊ သူ့ကို တမန်တော်အဖြစ် လက်ခံခြင်းမရှိသော အခြားသူများ ရှိကောင်းရှိနိုင်သော်လည်း၊ ကောရိန္သုရှိ ယုံကြည်သူများသည် သူ့ကို တမန်တော်အဖြစ် လက်ခံခဲ့ကြသည်ဟုဆိုသည်။

ကောရိန္သုအသင်းတော်သည် ပေါလု၏ တမန်တော်ဖြစ်ခြင်းအကြောင်း သက်သေပြခြင်း သို့မဟုတ် တံဆိပ်ခတ်ခြင်း (ထောက်ခံချက်) ဖြစ်သည်။

**ကျွန်တော်တို့သည် မည်သည့်အရာ သင်ယူရသနည်း။**

၁။ တမန်တော်သည် သူတို့ကို လက်ခံခဲ့သော သူများ၏ တမန်တော်ဖြစ်သည်။

၂။ တမန်တော်များ ရှိသည်ကို သံသယဖြစ်စရာ မလိုပါ။ တမန်တော်၏ အလုပ်တာဝန်တစ်ခုမှာ အသင်းတော်တည်ထောင်ရန် ဖြစ်သည်။

၃။ တမန်တော်သည် အသီးကိုသီးရမည်။ တမန်တော်များ၏ အခြေအမြစ်ဖြစ်သော တမန်တော်၏ လုပ်ဆောင်မှုကို သက်သေထူသောသူသည် သန့်ရှင်းသူများဖြစ်ကြသည်။

၄။ အမှုတော်မြတ်၌ ပါဝင်ရန် လေ့ကျင့်ထားခဲ့သော တပည့်တော်များကို အခြေခံထားခြင်းဖြစ်သည်။ ရှင်ပေါလု၏ ပုံသက်သေကို ကြည့်ပါ (တမန် ၁၉း ၉-၁၀)။

**၄)။ အမှုတော်လုပ်ငန်း၏ နယ်ပယ်တစ်ခုရှိသည်၊**

**ဂလာတိ ၂း၇** *"တပါးအမျိုးသားတို့တွင် ငါ့ကို <u>တမန်တော်</u> ဖြစ်စေခြင်းငှါ ငါ၌လည်း ပြုပြင်တော်မူသည်ဖြစ်၍ အရေဖျားလှီးခြင်းနှင့် စပ်ဆိုင်သော ဧဝံဂေလိတရားကို ငါ၌ အပ်တော်မူကြောင်းကို သူတို့သည် သိမြင်ကြ၍"*။

ယေ ၇ *"အဖျားလှီးခြင်းနှင့် မစပ်ဆိုင်သော ဧဝံဂေလိတရား"*သည် ရှင်ပေါလု၌ အပ်နှံထားခဲ့သည်။ **"အရေပြားလှီးခြင်းနှင့် စပ်ဆိုင်သော ဧဝံဂေလိတရား"**ကို ပေတရု၌ အပ်နှံထားသည်။

- ပေါလုနှင့် ပေတရုအတွက် အမှုတော်လုပ်ငန်း နယ်ပယ် တစ်ခုစီ ရှိကြသည်။
- တစ်ဦးချင်းစီသည် သူတို့၏ သီးခြားနယ်ပယ်တွင် အလုပ်လုပ်ရန် ကျေးဇူးတော်ရှိကြသည်။
- ပေါလုသည် တပါးအမျိုးသားတို့ထံသို့ ရောက်ရန် ကျေးဇူးနှင့် တာဝန်ရှိကြောင်း အသိအမှတ်ပြုခြင်း ရှိခဲ့သည်။
- သဘောတူညီမှု ရှိခဲ့ပြီး အမှုတော်လုပ်ငန်းတစ်ခုသို့ အပြန်အလှန် စေလွှတ်ခြင်းဖြစ်သည်။

**ယေ ၉** *"အမှီတကဲဖြစ်သော ယာကုပ်၊ ကေဖ၊ ယောဟန်၊ တို့သည်လည်း၊ ငါရသော ကျေးဇူးတော်ကို သိကြသော အခါ၊ မိမိတို့သည် အရေဖျားလှီးခြင်းကို ခံရသောသူတို့ဆီသို့ သွားမည်အကြောင်းနှင့်၊ ငါတို့သည် တပါးအမျိုးသားတို့ဆီသို့ သွားမည်အကြောင်း၊ လက်ျာလက်ခံခြင်းကို တာနဝနှင့် ငါ့အားပေးကြ၏"*။

**ကျွန်တော်တို့သည် မည်သည့်အရာ သင်ယူရသနည်း။**

၁။ တမန်တော်များသည် အမှုတော်လုပ်ငန်းတစ်ခု၏ သီးခြားနယ်ပယ်တွင် ရှိနိုင်သည်။

၂။ သူတို့ကို ပေးထားသော နယ်ပယ်တွင် လုပ်ဆောင်ရန် ကျေးဇူးတော်ရှိကြသည်။

၃။ အမှုတော်လုပ်ငန်း နယ်ပယ်သည် ကြီးထွား၍ တိုးပွားနိုင်သည်။

## အကျဉ်းချုပ်

<u>တမန်တော်တစ်ဦးကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း - လူတစ်ဦးတစ်ယောက်သည် တမန်တော်ဖြစ်ကြောင်း မည်ကဲ့သို့ ကျွန်တော်တို့ သိနိုင်မည်နည်း</u>

၁။ တမန်တော်တစ်ဦးသည် သခင်ယေရှု၏ တမန်တော်ဖြစ်ရန် ဖိတ်ခေါ်ခြင်းကို ဝန်ခံနိုင်ရမည်။

၂။ သူတို့၏ စိတ်နှလုံးထဲတွင် တိုင်းနိုင်ငံအသီးသီး ရှိရမည်။ လူမျိုးအသီးသီးတို့၏ စိတ်နှလုံးထဲသို့ မဝင်ရသော ရှားပါးသည့် တမန်တော်ကို တွေ့ရသည်။

၃။ တမန်တော်တစ်ဦးသည် အခြေစိုက်စခန်း၊ စေလွှတ်သည့် ခန္ဓာကိုယ်(အသင်းတော်) လိုအပ်သည်။ တမန်တော်၏ အမှုတော်လုပ်ငန်းသည် အသီးရှိရသည်။

၄။ တမန်တော်တစ်ပါးသည် သခင်ယေရှု၏ အမှုတော်လုပ်ငန်း လုပ်ဆောင်ရန် တာဝန်လွှဲအပ်ခြင်း ခံရသည့် နယ်ပယ်ကို သိရမည်။